KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဇွန်လ ၂၈ရက်, ၂၀၂၄ ခုနှစ် /KHRG စာအမှတ် - 24-67-I1

---

# ဒူးသထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - SAC မှ ကျေးရွာအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခြင်းကြောင့် ကျိုက်ထိုမြို့နယ်ရှိ ရွာသား(၃) ဦး ထိခိုက်ဒဏ်ရာရရှိ (၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့တွင် ဒူးသထူ(သထုံ)ခရိုင်၊ ကျိုက်ထိုမြို့နယ်၌ ဖြစ်ပွားခဲ့သောလက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်ကို ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့ နံနက်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂) မှ ငှက်ပျောတောကျေးရွာအုပ်စု၊ စ--- ကျေးရွာအတွင်းသို့ ၈၁ မမ လက်နက်ကြီးများ ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် ရွာသားတစ်ဦး၏အိမ်ပေါ်သို့ကျရောက်ပြီး ရွာသူ/ရွာသား (၃) ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သော ရွာသူ/ရွာသားများကို ကုသမှုခံယူရန် ကျိုက်ထိုမြို့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ထို့နောက် ထိခိုက်ဒဏ်ရာရသူများထဲမှ ရွာသားတစ်ဦးသည် ၎င်း၏ဒဏ်ရာပြင်းထန်မှုကြောင့် သထုံမြို့ဆေးရုံသို့ လွှဲပြောင်းခဲ့ရသည်။* [1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | SAC မှ လက်နက်ကြီးများပစ်ခတ်ခြင်းကြောင့် ရွာသား (၃) ဦးထိခိုက်ဒဏ်ရာရရှိ |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဒူးသထူ(သထုံ)ခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ငှက်ပျောတောကျေးရွာအုပ်စု၊ စ--- ကျေးရွာ |

---

[1] ဤအစီရင်ခံစာသည် ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးသထူခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | |
|---|---|---|---|
| **အမည်** | စောဒ--- | နော်အ--- | နော်လ--- |
| **အသက်** | ၄၁ နှစ် | ၃၂ နှစ် | ၄၄ နှစ် |
| **ကျား/မ** | ကျား | မ | မ |
| **လူမျိုး** | ကရင် | ကရင် | ကရင် |
| **အိမ်ထောင် ရှိ/မရှိ** | ရှိ | ရှိ | ရှိ |
| **အလုပ်အကိုင်** | ဥယျာဉ်ခြံလုပ်ကိုင်သူ | ဥယျာဉ်ခြံလုပ်ကိုင်သူ | ဥယျာဉ်ခြံလုပ်ကိုင်သူ |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား | ရွာသား | ရွာသား |
| **နေရပ် ရွာအမည်** | စ--- ကျေးရွာ | စ--- ကျေးရွာ | စ--- ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| မသိရှိရ | မသိရှိရ | ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂) | သထုံမြို့တပ်စခန်းမှ စ--- ကျေးရွာ၌ အခြေစိုက်သောလက်ပန်းပင်ယာယီတပ်စခန်း | မသိရှိရ |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ဤအကြောင်းအရာကို ပထမဦးစွာ ဒေသခံခေါင်းဆောင်တစ်ဦးမှ (လုံခြုံရေးအရရာထူးတာဝန်ကိုတည်းဖြတ်ထားသည်) အကြောင်းကြားခဲ့ပါသည်။ ထို့နောက် KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည် ထိခိုက်ဒဏ်ရာရရှိခဲ့သော ရွာသား၏ အိမ်ကိုသွား၍ စောဒ--- နှင့် နော်အ--- တို့နှင့် တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ခဲ့သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအချက်အလက်များကို လက်နက်ကြီးထိမှန်ဒဏ်ရာရရှိသူ (နှစ်ဦး) နှင့် ကိုယ်တိုင်တွေ့ဆုံမေးမြန်းခြင်းဖြင့် စီစစ်အတည်ပြုခဲ့ပါသည်။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

**အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့၊ နံနက် (၇) နာရီအချိန်ခန့်တွင် သထုံမြို့တပ်စခန်း (စ--- ကျေးရွာ၌ အခြေစိုက်သောလက်ပန်းပင်ယာယီတပ်စခန်း)မှ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂)** သည် ဒေသအတွင်းသို့ ၈၁ မမ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ပစ်ခတ်လိုက်သော လက်နက်ကြီးများထဲမှ တစ်လုံးသည် **ကရင်အမျိုးသားအစည်းအရုံး (KNU)** အုပ်ချုပ်နယ်မြေဖြစ်သော ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ငှက်ပျောတောကျေးရွာအုပ်စု၊ စ--- ကျေးရွာသို့ ကျရောက်ခဲ့သည်။ SAC မှလက်နက်ကြီး အလုံးပေါင်းများစွာ ပစ်ခတ်ခဲ့သောကြောင့် စောဒ--- မှာ လက်နက်ကြီးကိုရှောင်ရှားရန် ၎င်း၏အိမ်အပေါ်ထပ်မှ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ထိုအချိန်တွင် လက်နက်ကြီးတစ်လုံးသည် စောဒ--- ၏အိမ်ခေါင်းရင်းသို့ ကျရောက်ခဲ့ပြီး အိမ်အောက်တွင်ပုန်းနေသော စောဒ--- နှင့် အခြားအမျိုးသမီးနှစ်ဦးတို့ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စုစုပေါင်း ရွာသူ၊ရွာသား (၃) ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သောအမျိုးသမီးနှစ်ဦး၏အမည်မှာ နော်အ--- နှင့် နော်လ---တို့ ဖြစ်ကြသည်။

နော်အ--- သည် အသုဘအခမ်းအနားအတွက် ဖိတ်စာလိုက်ကမ်းနေစဉ် လက်နက်ကြီးပစ်ခတ်သံကြားသောကြောင့် စောဒ---၏ အိမ်အောက်သို့ ပြေးဝင်ခိုလှုံရာမှစောဒ--- နှင့်အတူထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုနည်းတူစွာပင် နော်လ--- သည် ကျိုက်ထိုမြို့သို့သွားရန် လိုင်းကားစောင့်နေချိန်တွင် လက်နက်ကြီးပစ်ခတ်သံကြားသောကြောင့် စောဒ---၏ အိမ်အောက်သို့ ပြေးဝင်ပြီး နော်အ--- နှင့်အတူ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စောဒ--- ၏ညာဘက်လက်မောင်းတွင် လက်နက်ကြီးကျည်စဝင်သွားခဲ့ပြီး အရိုးကျိုးသွားခဲ့သည်။ နော်အ--- ၏ ညာဘက်လက်မောင်းသည် လက်နက်ကြီးအစအနထိမှန်ခဲ့သော်လည်း ပြင်းထန်သောဒဏ်ရာမရရှိခဲ့ပါ။ နော်လ--- သည် ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့ပြီး အသက်အန္တရာယ်စိုးရိမ်ရသော ဒဏ်ရာများရရှိခဲ့ပါသည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သော ရွာသူ၊ရွာသား (၃) ဦးကို ဒေသခံရွာသားများမှ နီးစပ်ရာ (SAC စီမံခန့်ခွဲသော) ကျိုက်ထိုမြို့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ သို့သော် ကျိုက်ထိုမြို့ဆေးရုံမှ စောဒ---၏ ပြင်းထန်သောဒဏ်ရာများကို ကုသပေးရန် လုံလောက်သော ဆေးဖက်ဆိုင်ရာပစ္စည်းကိရိယာများ မရှိသောကြောင့် (SAC စီမံခန့်ခွဲသော) သထုံမြို့ဆေးရုံသို့လွှဲပြောင်းခဲ့ရသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအထိ စောဒ--- ၏ဒဏ်ရာများမှာ ကောင်းမွန်စွာသက်သာခြင်းမရှိသေးပါ။




ဤဓာတ်ပုံကို KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ငှက်ပျောတောကျေးရွာအုပ်စု၊ စ--- ကျေးရွာတွင် ရိုက်ယူခဲ့ ပါသည်။ ပုံတွင် စောဒ--- အမည်ရှိသော ရွာသားတစ်ဦးသည် သထုံမြို့တပ်စခန်း မှ စ--- ကျေးရွာ၌အခြေစိုက်သော လက်ပန်းပင်ယာယီတပ်စခန်းရှိ SAC (ခမရ) အမှတ် (၂) ပစ်ခတ်လိုက်သောလက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိသောပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*



ဤဓာတ်ပုံများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ငှက်ပျောတောကျေးရွာအုပ်စု၊ စ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဘယ်ဘက်ခြမ်းရှိပုံသည် နော်လ--- ဖြစ်ပြီး ညာဘက်ခြမ်းရှိပုံသည် နော်အ--- တို့ဖြစ်ကြသည်။ နော်လ---နှင့် နော်အ--- တို့သည် သထုံမြို့တပ်စခန်းမှ စ--- ကျေးရွာ၌အခြေစိုက်နေသော လက်ပန်းပင်ယာယီတပ်စခန်းရှိ SAC (ခမရ) အမှတ် (၂) ပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိသော ပုံများကိုဖော်ပြထားပါ သည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

စောဒ--- မှ ဆေးရုံတွင် ကုသမှုခံယူနေစဉ် ဒေသခံလူသားချင်းစာနာထောက်ထားမှုအဖွဲ့များမှ စုစုပေါင်း ၁၅၀,၀၀၀ ကျပ် ထောက်ပံ့မှုရရှိခဲ့သည်။ ဤအဖြစ်အပျက်ဖြစ်ပွားပြီးနောက် စောဒ--- မှ *“သူတို့ (SAC စစ်သား) တွေ နောက်ထပ်ဒီလိုပစ်ခတ်မှုမျိုး မလုပ်တော့ရင်ပိုကောင်းမယ်။ အဲ့လိုမှ ရွာသူ၊ရွာသားတွေက အေးအေးချမ်းချမ်းနေလို့ရမှာ။ အခုဆိုရင် ကျွန်တော်တို့က လက်နက်ကြီးဘယ်အချိန်လာပစ်မလဲမသိလို့ အိပ်တောင်မအိပ်ရဲကြဘူး။”* ဟုပြောပြခဲ့ပါသည်။ ထို့အပြင် စောဒ--- မှ *“ကျွန်တော်ဒဏ်ရာရပြီးနောက်ပိုင်း အလုပ်မလုပ်နိုင်တော့ဘူး။ ဒါကြောင့် စားဝတ်နေရေးအတွက် အခက်အခဲဖြစ်စေတယ်။”* ဟုဆက်လက်ဖော်ပြခဲ့ပါသည်။

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။ |
| --- |
| အင်တာဗျူးဖြေဆိုသူများသည် လူ့အခွင့်အရေးချိုးဖောက်မှုကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများဖြစ်ပြီး ၎င်းတို့မှ ဤအချက်အလက်များကို လိုအပ်သလိုအသုံးပြုရန် ခွင့်ပြုထားသည်။ |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝက်ဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။